## DIRECTIVES FOR SACRED PRIORITIES IN A COVENANT HOME

## ပဋိညာဉ်အိမ်ထောင်၌ မှန်မြတ်သောဦးစားပေးမှုများအတွက် ညွှန်ကြားချက်များ။

တရားသူကြီးမှတ်စာ ၁၃း ၁၂၊ *"မာနောဲကလည်း၊ ကိုယ်တော်၏စကား ပြည့်စုံပါစေသော။ သူငယ်သည် အဘယ်သို့သောသူ ဖြစ်ပါလိမ့်မည်နည်း။ သူ၌ အဘယ်သို့ပြုရပါမည်နည်းဟု မေးသော်။"*

တစ်မနက်ခင်း၌ သမ္မာကျမ်းစာဖတ်ရှုနေစဉ်တွင် ကျွန်ုပ်သည်အထက်က ကျမ်းပိုဒ်အားဖြင့် ကြီးမားစွာ တို့ထိမှုခံစားရပါသည်။ ၎င်းသည်တစ်နေ့တွင် ဣသရေလလူမျိုး၌ ခွန်အားကြီးသော တရားသူကြီးဖြစ်လာမည့် သူငယ်ဆန်ဆုန်အား သူသည်မည်ကဲ့သို့ အမိန့်ပေးသည် သို့မဟုတ် ရှာဖွေ စောင့်ရှောက်နေသော ဖခင်တစ်ဦး၏သန့်ရှင်းသော ဆုတောင်းချက် ဖြစ်သည်။ ဤအရာသည် သူ၏ မိဘများအားဖြင့် ဂရုစိုက်သောသွန်သင်ဆုံးမခြင်းနှင့် စပ်ဆိုင်သောအရာဖြစ်သည်။

၎င်းသည် သခင်ဘုရား၌ ထိမ်းမြားဆောင်နှင်းရန်အတွက် တစ်စုံတစ်ဦး၏အကြီးမားဆုံးသော အခွင့်ထူးဖြစ်ပြီး၊ ခရစ်ယာန်မိသားစုတစ်စု စတင်ရန်ဖြစ်သည်။ ၎င်းသည်လည်း ကျွန်ုပ်တို့၏သား သမီးများ၊ မြေးများအပါအဝင်၊ ဘုရားတရားကိုင်းရှိုင်းသောမိသားစု၌ ကြီးထွားခြင်းသည် ခြားနား သော ဘုရားသခင်အား ကြည်ညိုလေးစားခြင်းဖြစ်ကြောင်းကို သေချာစေရန် ဖခင်များနှင့်မိခင်များ၏ အရေးပါသော တာဝန်တစ်ခုဖြစ်သည်။ အကျွန်ုပ်တို့၏မိသားစုများထံ ခရစ်ယာန်မိဘများအနေဖြင့် မည်သည့် မှန်မြတ်သောတာဝန်များ တောင်းဆိုသနည်း။ ဤအရာများသည် ကျွန်ုပ်တို့၏အကျင့် စာရိတ္တအတွက်အောက်တွင် အကျဉ်းချုပ်အားဖြင့်အချက် (၅) ချက်ပေးထားခဲ့သည်။

### ၁။ စိတ်အားထက်သန်သော မိသားစုဆုတောင်းခြင်းကို ဦးစားပေးခြင်း။

### The Priority of Fervent Family Prayer

မဿဲ ၂၁း၂၂၊ *"ယုံကြည်ခြင်းပါလျှက် ပဌနာပြု၍ဆုတောင်းသမျှတို့ကို၊ သင်တို့သည် ရကြလိမ့်မည်ဟု မိန့်တော်မူ၏။"*

သင့်အိမ်သည် ဆုတောင်းသောအိမ် ဖြစ်ပါသလား။ ဆုတောင်းသော မိခင်များ၏ သားသမီး သည် ကြားမြင့်စွာ လမ်းလွဲခြင်းမရှိဟူသည့် ဆိုရိုးစကားရှိသည်။ ဩဂတ်စတင်း၊ ဝှန်၊ ချားစ်လ် ဝက်စ်စလီနှင့်သူတို့၏ သားသမီးများအတွက် မောနီကာ၊ဇူစန်းနားတို့၏ ဆုတောင်းချက်များသည် ဤ

သက်သေခံချက်များကို သယ်ဆောင်ခဲ့ပြီး၊ (၄) ရာစုနှင့် (၁၈) ရာစု၌ သခင်ဘုရားအားဖြင့် သူတို့ကို ကြီးမားစွာ အသုံးပြုခဲ့သည်။ တစ်နေ့တွင် သခင်ဘုရားသည် ကျွန်ုပ်တို့၏သားသမီးများနှင့်အတူ မည်သည့်အရာကို လုပ်ဆောင်ရမည်ကို မသိသောကြောင့်ကျွန်ုပ်တို့ မိဘများအနေဖြင့် မိမိကိုယ်ကိုဆက်ကပ်အပ်နှံပြီး၊ မကြာခဏသားသမီးများအတွက် ဆုတောင်းပေးရမည်ဖြစ်သည်။ တစ်နေ့တာကို သားသမီးများနှင့် ဆုတောင်းခြင်းဖြင့် စပြုပြီး၊ ကုန်ဆုံးစေပါ။ သူတို့သည် ကိုယ်စားပြု ဆုတောင်းချက်များ အသက်တာ၌သိကျွမ်းပြီး၊ အသက်ရှင်မည်လော့။ သူတို့သည် ငြိမ်သက်သောစိတ်၊ နှလုံးသားရှိသည့် ပတ်ဝန်းကျင်တွင် ဆုတောင်းခြင်းရှိသည့် မိဘများအားဖြင့် ဝန်းရံခြင်းခံရမည်လော့ (ဖိလ္လိပ္ပိ ၄း၆-၇)။

## ၂။ မိသားစုတစ်စုအဖြစ် လေ့လာနေသည့်သမ္မာကျမ်းစာကို ဦးစားပေးခြင်း။

**The Priority of Studying Scripture as a Family**

နေဟမိ ၈း၈၊ *"ထိုသို့ဘုရားသခင်၏ပညတ္တိကျမ်းစာကို သေချာစွာဘတ်ရွက်၍ အနက်ကိုပြန်သဖြင့်၊ လူများ နားလည်စေခြင်းငှါပြုကြ၏။"*

ခရစ်ယာန်မိသားစုသည် သန့်ရှင်းသောသမ္မာကျမ်းစာအုပ်အားဖြင့် အုပ်စိုးသည့် စည်းမျဥ်းများ ရှိသည်။ ၎င်းသည် ဘုရားသခင်၏နူတ်ကပတ်တော် ဟုခေါ်သည်။ ကလေးတစ်ဦးသည် သမ္မာကျမ်းစာ သတင်းကောင်းများကိုဖတ်ရှုခြင်း၊ ကြားနာခြင်း၊ နားလည်နိုင်သကဲ့သို့ ထာဝရအသက်နှင့်ဆိုင်သော နူတ်ကပတ်တော်များကိုလည်း လေ့လာရမည်ဖြစ်သည် (၂တိ ၃း၁၅)။ သူတို့သည် ဆာလံကျမ်းများ အပေါ် မွေ့လျော်ရန် သမ္မာကျမ်းစာကိုနားလည်ကာ၊ သွန်သင်ရမည်ဖြစ်သည်။ သူတို့သည် ဓမ္မဟောင်း နှင့် ဓမ္မသစ်ကျမ်းစာ၌ နူတ်ကပတ်တော်များကို သူတို့၏စိတ်နှလုံးထဲတွင်သိုထားရန် သမ္မာကျမ်းစာကို ကျက်မှတ်ရမည်ဖြစ်ပြီး၊ အထူးသဖြင့် ပညတ်တော်(၁၀)ပါး၊ နေ့စဥ် ဝတ်ပြုကိုးကွယ်ခြင်းဆိုင်ရာ စည်းမျဥ်းများနှင့်အတူ ပဌနာတော် သို့မဟုတ် မိသားစုဝတ်ပြုကိုးကွယ်ခြင်းများဖြစ်သည်။ ဤ ဘုန်းကြီးတော်မူသော စာအုပ်ပေါ်မွေ့လျော်ခြင်း၊ နာခံခြင်း၊ ချစ်သောမိသားစု၌ရှိသော လူများထံ ကျင့်သားရသောသူများ ဖြစ်သောကြောင့် သူတို့သည် မှုတ်သွင်းတော်မူသည့်ကျမ်းစာအုပ် အားဖြင့် လမ်းညွှန်မှုပေးပြီး၊ အသက်တာ၌ ကြီးထွားကြလိမ့်မည်ဖြစ်သည် (ယောရှု ၁း၈၊၂တိ ၁း၅၊၂တိ ၃း၁၆)။

## ၃။ ကျွန်ုပ်တို့၏ သားသမီးများနှင့် သတင်းကောင်းဝေငှရန် ဦးစားပေးခြင်း။

**The Priority of Sharing the Gospel with Our Children**

ခရစ်ယာန်မိသားစုသည် အတွင်းဘက်၊ အပြင်ဘက်၌ရှိသောသူအားလုံးထံ သတင်းကောင်းကိုဝေငှရန်အတွက် ဆက်ကပ်အပ်နှံကြသောသူများဟု သိလာကြသည်။ ကျွန်ုပ်တို့သားသမီးများ တိတိကျကျ ကယ်တင်ခြင်းရသည်ဆို သည့်အရာကို ကျွန်ုပ်တို့အနေဖြင့် ယုံကြည်မှုလွန်ကဲစွာ စဉ်းစားနိုင်သည် သို့မဟုတ် ဘယ်တော့မှမသိသောကြောင့် ဝန်ခံရန်အတွက် သင့်သားသမီးများ၏ ကယ်တင်ခြင်းကိုမလုပ်ဆောင်ပါနဲ့။ တိမောတေသည် သူ၏ငယ်ရွယ်သောနေ့ရက်များအတွက် ကြီးမြတ်သော ကယ်တင်ရှင် အကြောင်းကို သူ၏မိခင်နှင့်အဖွားအားဖြင့် ကြားသိခဲ့သည် (၂တိ ၁း၅)။

သူတို့သည် ဘုရားသခင်အား အပြစ်လုပ်သည့်အချိန်တွင် အပြစ်၏အကျိုးအဆက်များနှင့် ခရစ်တော်ယေရှုအကြောင်း သူတို့ကိုပြောပြပါ။ သူတို့သည် ယုံကြည်ခြင်းနှင့်ခွင့်လွှတ်ခြင်းအတွက် ကျွန်ုပ်တို့၏ကြီးမားသောလိုအပ်ချက်ကို ဆုပ်ကိုင်နိုင်ရန် ကျွန်ုပ်တို့သည် အပြစ်များကို နောင်တရပြီး၊ ဝန်ခံရာတွင် ခွင့်လွှတ်ပေးမည့် အစိုးရတော်မူသောသူသည် မည့်သူ့ကိုရှာဖွေရန် သူတို့ကို သွန်သင်ပါ (၁ ယောဟန် ၁း၉)။ သူတို့သည် သူတို့၏ ကယ်တင်သောယုံကြည်ခြင်းကို ဖော်ပြပြီး၊ ထင်ရှားစေရန်ဖြစ်ပြီး၊ သခင်ယေရှုခရစ်တော်၌ သူတို့၏အပြစ်များကို ဝန်ချတောင်းပန်ကာ၊ သူတို့၏ ယုံကြည်ခြင်းကို နေရာချထားရန် သူတို့အား ဖော်ပြပါ။ ကျွန်ုပ်တို့သည် ပဋိညာဉ်ကို ထိန်းသိမ်းသော ဘုရားသခင် ပိုင်ဆိုင်သောပဋိညာဉ်လူများဖြစ်သောကြောင့် သူတို့သည်ယုံကြည်ခြင်း၌ အုတ်မြစ်ချပြီး၊ ဘုရားသခင်ကို ပုဂ္ဂိုလ်ရေးရာ၌ ကယ်တင်ရှင်နှင့်သခင်အဖြစ် သိကျွမ်းရမည်ဖြစ်သည် (ရောမ ၁၀း၉-၁၀)။

## ၄။ ပဋိညာဉ်မိသားစုကဲ့သို့ ဘုရားသခင်အား ဝတ်ပြုကိုးကွယ်ခြင်းကို ဦးစားပေးခြင်း။

**The Priority of Worshipping God as a Covenant Family**

ဟေဗြဲ ၁၀း၂၄-၂၅၊ *"ထိုမှတစ်ပါး မေတ္တာစိတ်ရှိစေခြင်း၌၎င်း၊ ကောင်းသောအကျင့်ကို ကျင့်စေခြင်း၌၎င်း၊ တိုက်တွန်းနှိုးဆော်ရသောအခွင့်ကိုရှာ၍၊ အချင်းချင်းတစ်ယောက်ကိုတစ်ယောက် ထောက်စာကြည့်ရှုကြကုန်အံ့။ လူအချို့တို့သည် ထုံးစံရှိသည်အတိုင်း၊ အချင်းချင်းစည်းဝေးခြင်းအမှုကို မရှောင်မ*

*လွဲကြနှင့်။ အချင်းချင်းတို့ကို တိုက်တွန်းနှိုးဆော်ကြလော့။ ကာလအချိန်ရောက်လုနီးသည်ကို ထောက်သဖြင့်၊သာ၍ကြိုးစားကြလော့။"*

ခရစ်ယာန်အိမ်ထောင်တစ်ခုကို ဦးဆောင်ခြင်းသည် မိတ်သာဟာယဖွဲ့ခြင်းနှင့် ပုံမှန်စုပေါင်းဝတ်ပြုကိုးကွယ်ခြင်း၌ ယုံကြည်သူများ၏ ဒေသန္တရအဖွဲ့အစည်းထဲသို့ ကျွန်ုပ်တို့၏သားသမီးများကို ဘယ်ဆောင်ရန် တာဝန်ရှိခြင်းဖြစ်သည်။ သူတို့သည် ခရစ်ယာန်ဓမ္မမင်္ဂလာအမှုများ (ဗတ္တိဇံမင်္ဂလာနှင့် ပွဲတော်မင်္ဂလာ) ၌ပါဝင်ခြင်းနှင့် တရားဒေသနာများနားထောင်ခြင်း၊ ဓမ္မသီချင်းသီဆိုခြင်းအားဖြင့် ကျေးဇူးတော်ချီးမွမ်းခြင်း၊ ခရစ်ယာန် ဝတ်ပြုကိုးကွယ်ခြင်းနှင့် ခရစ်ယာန်အသင်းတော်များ၏ မင်္ဂလာရှိသော သတိရအောက်မေ့ခြင်းများ နှင့်အတူ ကြီးထွားလိမ့်မည်ဖြစ်သည်။ ၎င်းသည် ကလေးသူငယ်အားချီးမြှင့်စေရန် ကျေးရွာတစ်ရွာထက် ပို၍ လုပ်ဆောင်နိုင်မည်ဖြစ်သည်။ ၎င်းသည် အသင်းတော်တစ်ခုလုံးကိုလုပ်ဆောင်သည်။ တနင်္ဂနွေနေ့ ဝတ်ပြုကိုးကွယ်ခြင်းအစီအစဉ်၊ ဆန်းဒေးစကူးလ်အတန်း၊ ကျမ်းစာလေ့လာခြင်း၊ ဗုဒ္ဓဟူးညဆုတောင်း စည်းဝေးခြင်းအစီအစဉ်နှင့် အသင်းတော်ရက်တိုသင်တန်းများ၌ သစ္စာရှိရှိပါဝင်ကြပါစို့။ ကောင်းမွန်သောခရစ်ယာန် မိတ်သာဟာယနှင့် အသက်ရှင်ခြင်း၌ ခရစ်ယာန်ဝတ်ပြုကိုးကွယ်ခြင်းနှင့် မိတ်သာဟာရဖွဲ့ခြင်းသို့ ပါဝင်ဆက်ကပ်သည့် လူတို့အားတွေ့ဆုံရန်၊ ကျွန်ုပ်တို့သည် မင်္ဂလာရှိသောသူများဖြစ် ကြသည် (ဆာလံ ၁၀၀)။

## ၅။ သန့်ရှင်းခြင်းနှင့်ဘုရားသခင်အား ကြောက်ရွံ့စေခြင်းကို ဦးစားပေးခြင်း။

## The Priority of Instilling the Fear of God & Holiness

ခရစ်ယာန်အိမ်ထောင်စုသည် ဘာသာတရားကိုင်းရှိုင်းမှုနှင့် ကောင်းသောသက်သေရှိသည့် နေရာတစ်ခုဖြစ်သည်။ ကျွန်ုပ်တို့၏စောင့်ရှောက်မှုအောက်တွင် သူတို့၏စကားလုံးများနှင့် ယုံကြည်ခြင်းသည် ဘုရားသခင်နှင့်ဆိုင်သော ကြောက်ရွံ့ခြင်းနှင့် ရိုသေလေးစားခြင်းကို ပြသသည်၊ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်ကိုကြောက်ရွံ့ခြင်းသည် သူတို့အတွက် ဉာဏ်ပညာ၏အချုပ်အခြာ ဖြစ်သည် (သုတ္တံ ၉း၁၀)။ သူတို့သည် ကျွန်ုပ်တို့၌အပြစ်ကို နေ့စဉ်ပြုပြင်ခြင်းဖြင့် ဖြောင့်မတ်ခြင်းကို ထိန်းသိမ်းကာ၊ သန့်ရှင်းသောသဘောထားများ၊ ခရစ်ယာန်ဉာဏ်ပညာနှင့် စရိုက်လက္ခဏာ၏ ဘုရားနှင့်ဆိုင်သော ပုံသက်သေကိုပြသခြင်းတို့ကို မြင်တွေ့ကြပါသလား။ ကမ္ဘာပေါ်တွင် သူတို့သည် အချက်အလက်အမျိုးမျိုးနှင့်အင်တာနက်၊ လူမှုမီဒီယာ၊ မိတ်ဆွေသူငယ်ချင်းများနှင့် မီဒီယာများတွင် နေ့စဉ်ဖုံးကြခံရလိမ့်မည်။ အိမ်တွင် သူတို့ကိုစိတ်ခါတ်ကျအောင် ပြသထားသည့်ရန်ပွဲများ၌ အဆက်

မပြတ်ရန်ဖြစ်ခြင်း၊ မနာလိုမှု၊ ကြမ်းတမ်းသည့်စကားလုံးများနှင့် မဟုတ်ဘဲ သန့်ရှင်းသောအသက်တာဖြင့်၊ ၎င်းကိုတုံ့ပြန်ရန် လိုအပ်ပါသည်။ ဖခင် သို့မဟုတ် မိခင်၏ ကောင်းသောစံနမူနာသည် အနိုင်မခံအရှုံးမပေးသောအရာဖြစ်ပြီး၊ ၎င်းသည် နုငယ်သောနှလုံးသားများကို ပြောင်းလဲပေးနိုင်သည် (၁ ပေ ၁း၁၆)။ ထိုသို့သောသူတို့သည် သခင်ဘုရားအတွက် ဝိညာဉ်ရေးရာ၌ ကျွန်ုပ်တို့သည် သူတို့အား၊ အားပေးတိုက်တွန်းလိုသည့် သူများဖြစ်သောကြောင့် မိဘများနှင့် ညီအစ်ကိုမောင်နှမများကဲ့သို့ ဘုရားတရားကိုင်းရှိုင်းခြင်းနှင့် သန့်ရှင်းသောအသက်ရှင်ခြင်း၏ စံနမူနာများဖြစ် စေရန်လိုအပ်ပါသည်။

## နိဂုံး။

ကမ္ဘာဦးကျမ်း ၁၈း၁၉ ထဲတွင် ဘုရားသခင်သည် အာဗြဟံအားမိန့်တော်မူသည်မှာ၊ *"အကြောင်းမူကား၊ သူသည် မိမိနောက်၌ဖြစ်သောသားများ၊ အိမ်သူများတို့အား ပညတ်မည် အရာကိုငါသိ၏။ သူတို့သည်လည်း ထာဝရဘုရား၏တရားလမ်းသို့လိုက်၍ ဟုတ်မှန်ဖြောင့်မြတ်စွာ ကျင့်ကြလိမ့်မည်။ သို့ဖြစ်၍ ကတိတော်ရှိသည်အတိုင်း၊ ထာဝရဘုရားသည် အာဗြဟံ၌ပြုရသော အခွင့်ရှိလိမ့်မည်ဟု အကြံတော်ရှိ၏။"* အာဗြဟံသည် သူ့မိသားစုအား မှန်ကန်သောအရာများကို လုပ်ဆောင်ခဲ့သည်။ ဘုရားသခင်သည်လည်း သူ့အားကျေးဇူးပြုတော်မူ၏။ မွန်မြတ်သောအကြံအစည်များနှင့် ဤလမ်းညွှန်ချက်များအားလုံးတွင်၊ ကျွန်ုပ်တို့သည် ဘုရားသခင်၏ကျေးဇူးတော်၊ လမ်းပြမှု၊ ညဏ်ပညာကိုနှိမ့်ချစွာရှာဖွေရန် ဖခင်များနှင့်မိခင်များလိုအပ်ကာ၊ ကောင်းမွန်သောပဋိညာဉ်မိသားစု အသက်တာနှင့် မြူးကြွခြင်း၏ ကြီးမားသောဝမ်းမြောက်ခြင်းအားဖြင့် ကောင်းကြီးမင်္ဂလာခံစားစေရန်လည်း လိုအပ်ပါသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ဘက်၌ရှိပြီး၊ ကျွန်ုပ်တို့သည်လည်း သူ့ဘက်၌ရှိပါက၊ အိမ်ထောင်မိသားစု၌ရှိသောသူအားလုံးသည် ကောင်းမွန်စွာရှိနေနိုင်မည်မှာ မဖြစ်နိုင်သောအရာမဟုတ်ပေ။ ဘုရားသခင်ကိုရိုသေလေးစားသောမိသားစုဘဝကို ရှေ့လျှောက်ပိုင်ဆိုင်နိုင်စေရန် ကြိုးစားကြပါစို့။ သင့်အိမ်၊ အလုပ်နှင့်အိမ်ထောင်ရေး၏ အလွန်ကြီးကျယ်၊ ခန်းညားသောဗဟိုချက်ဖြစ်စေရန် ဘုရားသခင်အားသင် စိတ်ဆုံးဖြတ်ချက်ချပါ။

Rev. Dr. Jack Sin

Sovereign Hope BPC (Singapore)

ဘာသာပြန်သူ = Myitta